

ရပ်ရွာပြည်သူလူထုအတွင်းရှိ အငြင်းပွားမှု၊ ဖြေရှင်းမှုပုံစံများကို မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များတွင် ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

# မြန်မာနိုင်ငံတွင်း တရားမျှတရေးဆိုင်ရာ အထောက်အကူပြုမှုများ

**မြန်မာနိုင်ငံတွင် အငြင်းပွားမှုနှင့်ရာဇဝတ်မှုအများစုကို ကျေးလက်ဒေသအဆင့်တွင်သာ ဖြေရှင်းကြသည်။ မြန်မာနိုင်ငံ၏ တရားဝင်တရားစီရင်ရေးစနစ်ကိုပြုပြင်ရန် အရေးကြီးသော်လည်း ရှိရင်းစွဲဒေသန္တရတရားစီရင်ရေးပုံစံကိုလည်း ကူညီပံ့ပိုးသင့်သည်။**

မြန်မာနိုင်ငံ၏ စစ်အုပ်ချုပ်ရေးစနစ်မှသည် ဒီမိုကရေစီစနစ်သို့၊ လက်နက်ကိုင်ပဋိပက္ခမှသည် ငြိမ်းချမ်းခြင်းဆီသို့ အသွင်ကူးပြောင်းရေးသည် အလွယ်တကူပျက်စီးနိုင်သည်။ တပ်မတော်သည် နိုင်ငံရေးအာဏာရှိဆဲဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့ အနက်မှ ၈ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးနေချိန်တွင် မြန်မာနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ တစ်ချိန်တည်းတွင် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအဖွဲ့(၂၀၁၆၊ ဧပြီလမှ)သည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးရေးအစီအမံများကို နိုင်ငံတကာအကူအညီဖြင့် ဖော်ဆောင်လျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အစစ်အမှန်ခေါင်းဆောင်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးအစီအစဉ်များအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ယင်းတွင် နိုင်ငံသားများအားလုံး မျှတသည့် တရားစစ်ဆေးမှုများ ရရှိစေရေးနှင့် နှစ်သက်ဖွယ် တရားမျှတမှုရှိသည့်ရလဒ်များဖြစ်ပေါ်စေရေးအတွက် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းလည်း ပါဝင်သည်။

## အကြံပြုချက်များ

- တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုသည် မြန်မာနိုင်ငံရှိ တရားစီရင် ရေးစနစ်များ၏ ပကတိအရှိတရားများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ တရားဝင်တည်ရှိနေသော တရားရေးစနစ်နှင့် ဒေသန္တရအဆင့် အငြင်းပွားမှုဖြေရှင်းသည့်ပုံစံတို့ကို ရည်ရွယ်လုပ်ဆောင်လျက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ၏ တရားစီရင်ရေးစနစ်များ ပေါင်းစည်းကျင့်သုံးရန် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေးရမည်။
- အကူအညီများပေးရာတွင် ထိရောက်မှုရှိစေရန် ကျေးလက်ဒေသဆိုင်ရာ တရားစီရင်ရေးအမြင်များနှင့်စပ်လျဉ်း၍ လေးနက်သည့် အသိပညာဗဟုသုတအပေါ် အခြေခံရမည်။ ထို့အပြင် ဒေသန္တရအဆင့်တွင် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဒေသခံများပိုမိုပါဝင်လာစေရန် အဓိကထားရမည်။
- ဒေသန္တရအဆင့် အငြင်းပွားမှုဖြေရှင်းရေးများကို အကူအညီပေးရာတွင် ထိခိုက်နစ်နာနိုင်သည့်အုပ်စု(သို့) အဖွဲ့များပါဝင်လာစေရန် အားပေးလျက် ကျေးလက်ဒေသအဆင့် တရားစီရင်သူများအတွက် ရှင်းလင်းတိကျသောလုပ်ပိုင်ခွင့်အာဏာများနှင့် ပွင့်လင်းမြင်သာသည့် လမ်းညွှန်ချက်များဖော်ဆောင်၍ ကူညီသင့်သည်။

# ပြစ်မှုကျူးလွန်သူကို အပြစ်ပေးခြင်းထက် ပဋိပက္ခ ဆက်လက်မကြီးထွားစေရန်သာ ရည်ရွယ်လုပ်ဆောင်သည်။

> **ဖြေဆိုသူ ၇၀ ရာခိုင်နှုန်းက မှုခင်းကိစ္စများကို ဒေသအလိုက်အဖြေရှာခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု ယုံကြည်ကြသည်ကိုတွေ့ရှိရသည်။ ဤအချက်သည် တရားဝင်တည်ရှိနေသော တရားစီရင်ရေးစနစ်ကို ယုံကြည်မှုနည်းနေသည်ကို ဖော်ပြနေသည်။ ဒေသခံများ၏ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာအမြင်များသည် သမားရိုးကျမဆန်သည့် ဒေသအလိုက် တရားစီရင်မှုအပေါ် တိမ်းညွတ်သည်။**

ယခုအချိန်ထိ တရားဝင်တည်ရှိနေသော တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန် အားစိုက်လုပ်ကိုင်လျက်ရှိသည်။ ယင်းသည် အရေးကြီးပြီး ရေရှည်လုပ်ကိုင်ရမည့်လုပ်ငန်းစဉ် ဖြစ်သည်။ သို့သော်လည်း ယင်းလုပ်ငန်းစဉ်တွင် ဒေသခံများသည် တရားစီရင်မှုပြုရာတွင် အဓိကကျသူများ ဖြစ်သည်ဆိုသည့်အချက်ကို လျစ်လျူရှုရာရောက်သည်။ တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာဒေသအချို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တရားရုံးစနစ်သည် အလွန်အရေးပါသည်။ သာမန်ဒေသခံပြည်သူများသည် မှုခင်းများ၊ အငြင်းပွားမှုပြဿနာများကို ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအတွင်းသာလျှင် ညှိနှိုင်းအဖြေရှာကြသည်။ တရားရုံးတွင် တရားစွဲဆိုခြင်းသည် အချိန်ကုန်သည်၊ ငွေကုန်သည်ဟုမြင်သည်။ စစ်အုပ်ချုပ်ရေးဖြင့် နှစ်ပေါင်းများစွာနေလာခဲ့ကြပြီးနောက် ပြည်သူအများစုသည် လက်ရှိတရားဝင်တည်ရှိနေသော တရားစီရင်ရေးစနစ်ကို ကြောက်စရာအဖြစ် ရှုမြင်ခံစားကြသည်။ ယေဘုယျအားဖြင့် ခိုင်လုံသည့်သက်သေအထောက်ထားအပေါ် အခြေခံခြင်းမရှိဘဲ ငွေရှိလျှင်၊ အာဏာရှိလျှင် အမှုနိုင်သည်ဟူသော အမြင်ရှိသည်။ ဆိုလိုသည်မှာ ငွေနှင့်အာဏာသည် တရားနိုင်သောအကြောင်းဖြစ်သည်။ ထို့အပြင် ပြဿနာများအပေါ် ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာအမြင်များကလည်း ဒေသန္တရအငြင်းပွားမှုဖြေရှင်းရေးကို အထောက်အကူရစေသည်။

### ဥပဒေဆိုင်ရာဗဟုဝါဒနှင့် အခြားတရားရေးရာများ

မြန်မာနိုင်ငံသည် တရားစီရင်မှုပုံစံများစွာရှိသည့် လက္ခဏာရပ်ရှိသည်။ ကျေးလက်ဒေသခေါင်းဆောင်များ၊ ဂုဏ်သရေရှိလူကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ဘာသာရေးနယ်ပယ်မှပုဂ္ဂိုလ်များ၊ တရားရှာဖွေသူများ၊ အရပ်ဖက်အဖွဲ့အစည်းဝင်များသည် အငြင်းပွားမှုများဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ကြပြီး တရားမျှတမှုပေါ်ပေါက်စေရန် ကြားဝင်ဆောင်ရွက်ပေးကြသည်။ တရားမျှတမှုနှင့်စပ်လျဉ်း၍ မတူညီသော စည်းမျဉ်း၊ စံနှုန်း၊ အမြင်များ ရောယှက်တည်ရှိနေကြသည်။ တရားစီရင်မှုတွင် ယခုကဲ့သို့ မတူကွဲပြားခြားနားသည့်ပုံစံမျိုးစုံကို တရားဝင်အသိအမှတ်ပြုထားခြင်း မရှိပေ။ ယနေ့ခေတ်တွင် တရားစီရင်ရေးမဏ္ဍိုင်သည်သာ တရားစီရင်မှုပြုရန် ဥပဒေအရ အာဏာရှိသည်။ မြန်မာအစိုးရအုပ်ချုပ်သော နယ်မြေဒေသများတွင် အငြင်းပွားမှုနှင့် မှုခင်းငယ်များကို ကိုင်တွယ်ဖြေရှင်းသူများသည် ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်ခေါင်းဆောင်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို ရွေးချယ်တင်မြှောက်ကြပြီး ၎င်းတို့သည် ဒေသခံလူကြီးများ၏အကြံဉာဏ်များကို ရယူကြသည်။ နစ်နာမှုကို လျော်ကြေးပေးစေ၍ တရားမျှတမှုကိုရှာဖွေပြီး စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဘုံသဘောတူညီချက်ကို ရယူကြသည်။

၎င်းတို့သည် ရေးသားထားသောဥပဒေများကို ကျင့်သုံးခြင်းမရှိသော်လည်း တရားစီရင်ရာတွင် ရုံဖန်ရံခါ အကိုးကားပြုသည်။ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးခြင်းထက် ပဋိပက္ခဆက်လက်မကြီးထွားစေရန်သာ ရည်ရွယ်လုပ်ဆောင်သည်။ ၎င်းတို့ကိုင်တွယ်ဖြေရှင်းသော အမှုအများစုသည် မြေယာအငြင်းပွားမှု၊ အိမ်ထောင်ရေးပြဿနာ၊ ချေးငွေပြဿနာ၊ ခိုးမှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ အများပြည်သူအနှောင့်အယှက်ဖြစ်စေမှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် မုဒိမ်းမှုအနည်းငယ်ပါဝင်သည်။ အမှုအနည်းငယ်သာ ဤအဆင့်ကို ကျော်လွန်ဖြစ်ပွားသည်။ ကျေး ရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်ခေါင်းဆောင်များသည် နိုင်ငံအုပ်ချုပ်ရေးစနစ်၏ အစိတ်အပိုင်းများဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် တရားစီရင်ရေးနှင့် ကင်းကွာနေပြီး တရားစီရင်ရေးမှာကဲ့သို့ အယူခံဝင်ခြင်း၊ အမှုများကို သက်ဆိုင်ရာသို့ လွှဲပြောင်းစီရင်ဆုံးဖြတ်စေခြင်း မရှိသည့်အပြင် အမှုအခင်းများဖြေရှင်းရန် အပ်နှင်းထားသော တိကျသည့်လုပ်ပိုင်ခွင့်အာဏာများလည်း မရှိပေ။ ဤအခြေအနေကြောင့် အငြင်းပွားမှုများ ဖြေရှင်းမှုပုံစံမျိုးစုံကိုဖြစ်ပေါ်စေပြီး တရားဝင်သမားရိုးကျ တရားစီရင်ရေးစနစ်နှင့် ပတ်သက်မှုမရှိသည့် ဖြေရှင်းနည်းများစွာကို ဖော်ဆောင်ကြသည်။ ရပ်ကွက်၊ ကျေးရွာခေါင်းဆောင်များအနေဖြင့် ၎င်းတို့ဆုံးဖြတ်ချက်များကို မလိုက်နာသည့်အခါ ရဲလက်ကိုအပ်မည်ဟု၍ ခြောက်လှန့်ရန်အတွက်သာ တရားဝင် တရားစီရင်ရေးစနစ်ကို လိုလားကြသည်။ သို့သော်လည်း ၎င်းတို့က ပြည်သူများကို တရားရုံးတွင် တရားစွဲဆိုဖြေရှင်းခြင်းသည် အချိန်ကုန်သည် ငွေကုန်သည်ဟူ၍ သတိပေးသည်။ ဆိုလိုသည်မှာ အချိန်ကုန်လူပန်းဖြစ်သည်ကို သတိပေးကြခြင်းဖြစ်သည်။ ရှေ့နေများသည်ပင် ၎င်းတို့အမှုသည်များကို တရားရုံးပြင်ပတွင် ညှိနှိုင်းဖြေရှင်းရန် အားပေးကြသည်။

ရပ်/ကျေးခေါင်းဆောင်များသည် အငြင်ပွားမှုအများစုကို ကိုင်တွယ်ဖြေရှင်းသော်လည်း ပြည်သူများသည် သမားရိုးကျမဟုတ်သည့် ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများ၏ အကူအညီကိုရယူကြသည်။ ထိုကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများသည် တရားဥပဒေအရ အသိအမှတ်ပြုခံထားရခြင်းမရှိပေ။ သို့သော်လည်း ထိုသို့ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးသူများသည် အကြံပေးခြင်း၊ တရားစီရင်သူများနှင့် ချိတ်ဆက်ပေးခြင်း(သို့) တစ်ဖက်အမှုသည်မှ နစ်နာကြေးများပေးလျော်စေရန် ဖိအားပေးခြင်းတို့ကို ပြုလုပ်နိုင်သည့်သူများနှင့် ချိတ်ဆက်ပေးခြင်းတို့ကိုလုပ်နိုင်သည်။ ထိုသူများတွင် ဘာသာရေးနယ်ပယ်၊ တရားဓမ္မနယ်ပယ်မှခေါင်းဆောင်များ ပါဝင်သည်။ ဗုဒ္ဓဘာသာ ရဟန်းသံဃာများ၊ ဗေဒင်ဆရာများ၊ နတ်ကတော်များ၊ မြို့မိမြို့ဖများ၊ အိမ်ထောင်ဦးစီးများ၊ ပညာတတ်များ၊

အမျိုးသမီးအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များနှင့် လက်နက်ကိုင် များ ပါဝင်ကြသည်။ ဥပမာ- မြေသိမ်းသည့်အမှုကိစ္စတစ်ခုတွင် မြေသိမ်းခံရသူသည် သြဇာကြီးသည့် ရဟန်းတစ်ပါး၏ကူညီမှုကြောင့် သိမ်းဆည်းခံမြေအချို့ ပြန်လည်ရရှိခဲ့သည်။ ခိုးမှုတစ်ခုတွင်လည်း သူခိုးကိုဖော်ထုတ်ရန် နတ်ကတော်၏အကူအညီကိုရယူခဲ့သည်။ အချို့သော နစ်နာသူအမျိုးသမီးများသည်လည်း အမျိုးသမီးအဖွဲ့များကို တိုင်ကြားကြသည်။ ၎င်းအဖွဲ့များက ကျေးရွာ၊ ရပ်ကွက်ခေါင်းဆောင်များနှင့် တိုင်ပင်ကာ ကူညီဖြေရှင်းပေးသည်လည်းရှိသည်။ ထိုသို့ တရားမျှတမှုအတွက် ကြားဝင်ကူညီဆောင်ရွက်ပေးသူများသည် ၎င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက်၏အကူအညီကိုရယူ၍လည်းကောင်း ဖြေရှင်းပေးနိုင်သည်။ မြေသိမ်းမှုကဲ့သို့ နိုင်ငံရေးအရ ထိခိုက်လွယ်သည့် အမှုကိစ္စမျိုးတွင် ရပ်ကျေးခေါင်းဆောင်များသည် ကိုင်တွယ်ဖြေရှင်းရန် လက်တွန့်ကြသည်။ ထိုအခါ မြေသိမ်းခံရသူများသည် သြဇာအာဏာရှိသည့် ရဟန်းသံဃာများ၊ ပညာတတ်များ၊ လက်နက်ကိုင်များနှင့် အဆက်အသွယ်ရှိသူများကို ချဉ်းကပ်အကူအညီရယူကာ သိမ်းဆည်းခံမြေများ ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းကြသည်။ တရားမျှတမှုအတွက် ကြားဝင်ကူညီဆောင်ရွက်ပေးသူများကို အသုံးပြုခြင်းသည်ပင် ခက်ခဲရှုပ်ထွေးသည့် တရားစီရင်မှုနည်းလမ်းများကို ဖော်ပြနေသည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသနှင့် လူနည်းစုတိုင်းရင်းသားဒေသအချို့တွင် ကျေးလက်ဒေသအဆင့်ဖြေရှင်းမှုကိုသာ အလိုရှိကြသည်။ ကျေးလက်ဒေသခေါင်းဆောင်များက အငြင်းပွားမှုတစ်ခု (သို့) ရာဇဝတ်မှုတစ်ခုကို ဖြေရှင်းနိုင်ခြင်းမရှိလျှင် ၎င်းတို့သည် အဓိကကျသည့် လက်နက်ကိုင်များထံ ဆက်သွယ်အကူအညီတောင်းခံကြသည်။ ထိုလက်နက်ကိုင်များတွင် ၎င်းတို့ကိုယ်ပိုင်ဥပဒေများ၊ တရားရုံးများ၊ အကျဉ်းထောင်များ ရှိတတ်သည်။ တရားဝင်တည်ရှိနေသော တရားစီရင်ရေးစနစ်နှင့် မတူညီသည့်အချက်မှာ ထိုတိုင်းရင်းသားများကျင့်သုံးနေသည့် တရားစီရင်ရေးစနစ်သည် ကျေးရွာဒေသခံများနှင့် အခိုင်အမာ ချိတ်ဆက်ဆောင်ရွက်နိုင်သည့်အပြင် ၎င်းတို့အမြင်တွင်လည်း တရားဝင်မှုပိုမိုရှိသည်၊ အဂတိလိုက်စားမှုနည်းသည်ဟု ထင်မြင်ယူဆကြသည်။ သို့သော်လည်း ၎င်းတို့တွင် လူအရင်းအမြစ်အကန့်အသတ်ရှိမှုကို ကြုံတွေ့နေရ သည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ တရားဝင် အသိအမှတ်ပြုခြင်းမခံရသည့်အတွက် လျှို့ဝှက်လုပ်ဆောင်ရသည့် ရွှေ့ပြောင်းတရားရုံးများအဖြစ်သာ ရပ်တည်ရသည့်အတွက် တရားစီရင်မှုအရည်အသွေးဆိုင်ရာ နိမ့်ကျမှုရှိသည်။

ပြည်သူများ၏ တရားစီရင်မှုဆိုင်ရာလိုလားချက်များသည် ဒေသန္တရအဆင့် အငြင်းပွားမှုဖြေရှင်းခြင်းဖြစ်စဉ်များကို အထောက်အကူပြုသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် DIIS မှလုပ်ဆောင်သည့် Ever Just Research Project တွင် ဖြေဆိုသူ ၇၀ ရာခိုင်နှုန်းက မှုခင်းကိစ္စများကို ဒေသအလိုက်အဖြေရှာခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ယုံကြည်ကြသည်ကိုတွေ့ရှိရသည်။ ဤအချက်သည် တရားဝင်တည်ရှိနေသော တရားစီရင်ရေးစနစ်ကို ယုံကြည်မှုနည်းနေသည်ကို ဖော်ပြနေသည်။ ဒေသခံများ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာအမြင်များသည် သမားရိုးကျမဆန်သည့် ဒေသအလိုက်တရားစီရင်မှုအပေါ် တိမ်းညွှတ်သည်။ ထို့အပြင် အများလက်ခံထားသည့် အမြင်တစ်ခုမှာ တရားစီရင်မှု၏ရည်ရွယ်ချက်သည် ကြီးသည့်အမှုကိုငယ်စေပြီး ငယ်သည့်အမှုကို ပပျောက်စေခြင်းဖြစ်သည်။ ဤအချက်က ပြဆိုနေသည်မှာ လူမှုရေးဆိုင်ရာ သဟဇာတဖြစ်မှုနှင့် သင့်မြတ်ရေးကိုသာ လိုလားကြောင်းဖြစ်သည်။ တစ်ဦးတစ်ယောက်၏ အငြင်းပွားမှုတစ်ခုကို အများပြည်သူရှေ့မှောက်၌ယူလာပြီး မသက်ဆိုင်သည့် အခြားသူတစ်ဦးမှ ပါဝင်ပတ်သက်နေခြင်းသည် ပြဿနာကို ကြီးထွားစေပြီး အရှက်ရစေသည်ဟု ခံစားကြသည်။ ထိုခံစားချက်များသည် ရပ်ကွက်ကျေးရွာခေါင်းဆောင်များဖြင့် အငြင်းပွားမှုဖြေရှင်းရာ၌ မအောင်မြင်၍ အထက်အာဏာပိုင်များ ပါဝင်ပတ်သက်လာရသောအခါ တိုးပွားလာသည်။ ထို့အပြင် ယုံကြည်မှုအရ ပြဿနာများနှင့် မတရားမှုများသည် ကံကြမ္မာကြောင့်ဖြစ်ရသည်ဟူသော ဘာသာရေးအမြင်ကြောင့် တရားမျှတမှုအတွက် ကုစားမှုကိုရယူလိုခြင်း မရှိတော့ပေ။ ဗုဒ္ဓဘာသာဝင်များအတွက် အတိတ်ဘဝကံကြောင့် ဖြစ်သည်ဟု ယုံကြည်ယူဆချက်မျိုးဖြစ်သည်။ အချို့ဆိုလျှင် ပြဿနာ



နတ်ကတော်က မိသားစုအငြင်းပွားမှုတစ်ခုကို ဖြေရှင်းပေးနေစဉ်။ ဓာတ်ပုံ-Helene Kyed

## တိုင်းရင်းသားလက်နက်ကိုင်တစ်ခု၏ တရားစီရင်ရေး နမူနာ

KNU ကရင်အမျိုးသားအစည်းအရုံးသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်ကာလများ၌ ၎င်းတို့ထိန်းချုပ်ရာဒေသများတွင် ၁၉၇၀ ခုနှစ်မှစ၍လည်းကောင်း၊ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး(ငြိမ်းချမ်းရေး)စာချုပ် ချုပ်ဆိုပြီးချိန်တွင်မှစ၍ လည်းကောင်း တရားစီရင်ရေးစနစ်တစ်ရပ်ကို ကျင့်သုံးခဲ့သည်။ ၎င်းစနစ်တွင် တရားရုံးများ၊ ဖမ်းဆီးစစ်ဆေးသည့်ရဲများ၊ ထောင်များဖြင့်ဖွဲ့စည်းထားသည်။ ရာဇဝတ်ဥပဒေ၊ တရားမဥပဒေနှင့် "စုန်းကဝေ၊ အောက်လမ်း" မှုခင်းများဆိုင်ရာဥပဒေသုံးမျိုးရှိပြီး ကျေးရွာအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများလည်း ရှိသည်။ တရား သူကြီးများကို စနစ်တကျ သင်တန်းပေးထားခြင်းမရှိ၊ ရှေ့နေများကိုသုံးစွဲခြင်း မရှိသော်လည်း တရားသူကြီးများသည် အနောက်နိုင်ငံများတွင် တရားဝင်ကျင့်သုံးသော ရေးသားထားသည့်ဥပဒေများကို လိုက်နာသင့်သည်။ ကရင်အမျိုးသားအစည်းရုံးသည် ကရင်ရွာများရှိခေါင်းဆောင်များကို တရားမမှုများနှင့် သေးငယ်သည့် ရာဇဝတ်မှုများကိုဖြေရှင်းစေသည်။ ကျေးရွာအဆင့်မှစ၍ အယူခံစနစ်တစ်ရပ်လည်းရှိသည်။ ရွာများသည် ကိုယ်ပိုင်နည်းဥပဒေများပြဋ္ဌာန်းနိုင်ပြီး ဒေသဆိုင်ရာဓလေ့ထုံးစံများကို ကျင့်သုံးနိုင်သည်။ အမျိုးသမီးခေါင်းဆောင်များကိုလည်း အမျိုးသမီးများပါဝင်ပတ်သက်သည့်မှုခင်းများတွင် ပါဝင်ဖြေရှင်းရန် အားပေးသည်။ မှုခင်းကိစ္စများ ရပ်ရွာအဆင့်မဖြေရှင်းနိုင်သည့်အခါ ကရင်အမျိုးသားအစည်းရုံး၏ တရားစီရင်ရေးစနစ်ဖြင့် ဖြေရှင်းလိုကြသည်။ ကုန်ကျစရိတ်မရှိခြင်း၊ တိုင်းရင်းသားဘာသာစကားသုံးစွဲခြင်း၊ မြန်မာနိုင်ငံရှိ တရားရုံးများထက် သံသယနည်းခြင်းတို့ကြောင့် ထိုစနစ်ကိုလိုလားကြသည်။ သို့သော်လည်း ရှင်းလင်းမှုမရှိသည့် မြန်မာ့တရားစီရင်ရေးသက်ရောက်ရာ နယ်ပယ်အနေအထားကြောင့် လွတ်လပ်ပွင့်လင်းစွာလုပ်ကိုင်ရန် ခက်ခဲသည့်အပြင် ကရင်လူမျိုးများမဟုတ်သည့် အခြားလူမျိုးများပတ်သက်နေသောအမှုများကို ဆုံးဖြတ်ပေးရန်ခက်ခဲသည်။ တရားသူကြီးများကလည်း လူအရင်းမြစ်အကန့်သတ်ရှိမှုနှင့် ဥပဒေဆိုင်ရာသင်တန်းလိုအပ်ပုံကို ထုတ်ဖော်ပြောဆိုသည်။

များကို စိတ်ထဲတွင်ထားပြီး ပြီးပျောက်စေလိုသည်။ တစ်ခါတရံ ခံစားရသည့် ဒုက္ခဝေဒနာများ လျော့နည်းသက်သာစေရန် တရားဓမ္မရှာဖွေခြင်းဖြင့်နေတတ်ကြသည်။ ထိုအမြင်များသည် ပျံ့နေပြီး ဆင်းရဲသော ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများ စွာရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် အာဏာပိုင်များကို ကြောက်ရွံ့မှုနှင့်တရားမျှတမှုအတွက် ကုန်ကျနိုင်သည့် ငွေကြေးများကြောင့်ဖြစ်သည်။ ဤအကြောင်းတရားများစွာကြောင့် ဒေသဆိုင်ရာအဆင့် အငြင်းပွားမှုဖြေရှင်းခြင်းကို အထောက်အပံ့ဖြစ်စေသည်။ ထို့အပြင် ထိုအကြောင်းတရားများက ပြဆိုနေသည်မှာ တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် ဒေသခံပြည်သူများမှ ၎င်းတို့အမှုကိစ္စတွင် ပြင်ပမှအခြားသူပါဝင်ညှိနှိုင်းဆောင်ရွက်ခြင်းကို မလိုလားသည့်အချက်ကို အလေးအနက်ထားစဉ်းစားရန် လိုအပ်သည်။

နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများတွင် ဒေသန္တရအဆင့် တရားစီရင်မှုများကို ထည့်သွင်းသင့်သည်။ ဒေသန္တရအဆင့် တရားစီရင်ရေး လုပ်ငန်းစဉ်များကို ထောက်ပံ့ကူညီမှုများမှာ နည်းပါးလှသည်။ ရပ်ရွာဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများကိုရည်ရွယ်လျှင် သမားရိုး ကျတရားစီရင်ရေးစနစ်ကို ဒေသခံပြည်သူများ မည်သို့မည်ပုံ လက်လှမ်းမီနိုင်သည်ကို အာရုံပြုသင့်သည်။ ဥပဒေအသိပညာများတိုးပွားရန် လိုအပ်သော်လည်း တရားဝင်သမားရိုးကျ တရားစီရင်ရေးစနစ်မှရရှိနိုင်သည့် ရွေးချယ်ခွင့်များနှင့်စပ်လျဉ်း၍ လက်တွေ့ကျရန် အရေးကြီးသည်။ နိုင်ငံတကာ၏ကူညီထောက်ပံ့မှုများသည် တခြားသော အစားထိုးစနစ်များ တည်ထောင်ခြင်းထက် ရှိရင်းစွဲ ရပ်ရွာဒေသအခြေပြု အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ဆွေးနွေးပွဲများကို စတင်ကူညီထောက်ပံ့မှုပြုသင့်သည်။ စတင်လုပ်ဆောင်သင့်သည့်အရာမှာ အောင်မြင်မှုရှိသည့်ဖြစ်ရပ်များကို အဓိကထားရန်ဖြစ်သည်။ ထို့နောက် သာမာန်ပြည်သူများနှင့် ရပ်ရွာဒေသအဆင့် တရားစီရင်သူများ၏ ပါဝင်ဆွေးနွေးမှုအပေါ် အခြေခံလျက် ပိုမိုကောင်းမွန်တိုးတက်လာနိုင်သည့် နယ်ပယ်များသတ်မှတ် လုပ်ဆောင်ရန်ဖြစ်သည်။ ကြိုတင်ယူဆထားချက်များကို ရှောင်ရှားရန် လက်တွေ့လုပ်ဆောင်ချက်များနှင့် ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာအမြင်များကို လေးနက်စွာနားလည်ရန်လိုသည်။ ဤအချက်သည် ရပ်ရွာဒေသနှင့်စပ်လျဉ်းသည့် ဒေသန္တရဗဟုသုတများ ရှာမှီးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဒေသခံများကျယ်ပြန့်စွာပါဝင်စေခြင်းတို့ကို ရေရှည်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဒေသန္တရအဆင့် အငြင်းပွားမှုများဖြေရှင်းခြင်းဆိုင်ရာ ဆွေးနွေးပွဲများတွင် ထိခိုက်နစ်နာနိုင်သည့်အဖွဲ့(သို့) အုပ်စုများပါဝင်လာစေရန် ကူညီပေးနိုင်သည်။ ထို့အပြင် အငြင်းပွားမှုများ ဖြေရှင်းပုံလမ်းညွှန်ချက်များရေးဆွဲခြင်းနှင့် ဒေသခံပြည်သူများအတွက် တခြားရွေးချယ်စရာများ ဖော်ဆောင်ရာတွင်လည်း ကူညီနိုင်သည်။ အခြားသော နယ်ပယ်တစ်ခုမှာ ရပ်ကွက်၊ ကျေးရွာ ခေါင်းဆောင်များကို လုပ်ပိုင်ခွင့်များ ရှင်းလင်းစွာ သတ်မှတ်ပေးခြင်း၊ သမာရိုးကျတရားရေးစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် အားပေးကူညီနိုင်သည်။ ပဋိပက္ခဖြစ်ပွားရာဒေသရှိ တရားစီရင်ရေးစနစ်၏ ပကတိအခြေအနေကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားစီရင်ရေးစနစ်ကို မည်သည့်အတိုင်းအတာအထိ အသိအမှတ်ပြု လက်ခံကျင့်သုံးနိုင်မည်ဆိုသည့်အချက်ကို စဉ်းစားရန် အရေးကြီးသည်။ ထိုကူညီထောက်ပံ့မှုတွင် ငြိမ်းချမ်းရေးအားထုတ်မှုများကို တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ယေဘုယျအားဖြင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းရေး အကူအညီများနှင့် ချိတ်ဆက်ကာ ပံ့ပိုးကူညီသွားသင့်သည်။

ဤမူဝါဒသည် ရန်ကုန်တက္ကသိုလ်၊ The Enlightened Myanmar Research Foundation၊ Aarhus University၊ DIIS တို့ ပူးပေါင်း လုပ်ဆောင်သည့် "မြန်မာနိုင်ငံအကူးအပြောင်းကာလ နေ့စဉ်တရား ဥပဒေစိုးမိုးရေးနှင့် လုံခြုံမှုဆိုင်ရာ သုတေသန"(Ever Just) Project ပေါ် အခြေခံသည်။

Helene Maria Kyed, Senior Researcher, hmk@diis.dk

မျက်နှာဖုံးဓာတ်ပုံ။ ။ ကရင်ကျေးရွာလူကြီးက သုတေသီများအား အမှုများမှတ်တမ်းတင်ပုံကို ရှင်းပြနေစဉ်။ ဓာတ်ပုံ - Helene Maria Kyed

DIIS.DANISH INSTITUTE FOR INTERNATIONAL STUDIES
www.diis.dk

Enlightened Myanmar Research Foundation
www.emref.org